ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး

Office of the Securities and Exchange Commission of Myanmar

| ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ မှ မတ်လ အထိ | အတွဲ ၃၊ အမှတ် ၁၊ ဧပြီလ ၂၀၂၄ | www.secm.gov.mm |
|---|---|---|

ရှင်လန်းချမ်းမြေ့ပါစေ

ရှင်လန်းချမ်းမြေ့ပါစေ

# (၂)နှစ်ပြည့် အရင်းအနှီးဈေးကွက်သတင်းလွှာ



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးမှ (၃)လ တစ်ကြိမ်

ထုတ်ဝေသည်။

# မာတိကာ



| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အကြိမ်(၄၀)မြောက် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်ဥက္ကဋ္ဌများအစည်းအဝေး နှင့် နိုင်ငံတကာ ဘဏ္ဍာရေး အစီရင်ခံခြင်းစံများနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက် | ၁ |
| **ပြည်တွင်းသတင်း** | |
| ကော်မရှင်အစည်းအဝေးများ | ၂ |
| ကော်မရှင်ရုံးဆွေးနွေးပွဲများ | ၂ |
| ကော်မရှင်ရုံး (၉) နှစ်မြောက် နှစ်ပတ်လည်နေ့အား ကြိုဆိုဂုဏ်ပြုခြင်း | ၂ |
| ပြည်တွင်းငွေချေးစာချုပ်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ | ၂ |
| **ဆောင်းပါး** | |
| အများပြည်သူသို့ ငွေချေးသက်သေခံလက်မှတ်များ ကမ်းလှမ်းခြင်း | ၃-၅ |
| **ကော်မရှင်ရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များ** | |
| လုပ်ငန်းဆောင်ရွက်ချက်များ | ၆ |
| ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်အကြိုဈေးကွက်အမည်ဖြင့် တည်ထောင်ထားသည့် ဒုတိယဈေးကွက်နှင့်ပတ်သက်သည့်ဆောင်ရွက်မှုများ | ၆ |
| လုပ်ငန်းဆောင်ရွက်ချက်များအား စစ်ဆေးခြင်း | ၆ |
| AML /CFT Knowledge Sharing ကျင်းပ | ၆ |
| လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး | ၆ |
| **ဈေးကွက်ဆိုင်ရာအချက်အလက်များ** | |
| ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်မှုနှင့် နိုင်ငံခြားသားအစုရှယ်ယာရောင်းဝယ်မှုများ | ၇ |
| စာရင်းဝင်ကုမ္ပဏီများ၏အစုရှယ်ယာရောင်းဝယ်မှုများ | ၇ |
| အစိုးရငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်မှုများ | ၈ |
| ဈေးကွက်တွင်ပါဝင်သူများနှင့်ပူးပေါင်းဆောင်ရွက်မှု | ၈ |
| **အာဆီယံနိုင်ငံများဆိုင်ရာ သတင်းအချက်အလက်များ** | |
| အာဆီယံ+၃နိုင်ငံများ၏ စီးပွားရေးတွင် ရေရှည်ဖွံ့ဖြိုးရေးငွေချေးစာချုပ်ဈေးကွက် ခိုင်မာ အားကောင်းလျက်ရှိ | ၉ |
| အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် (ACMF) ၏ နှစ် ၂၀ ပြည့် အထိမ်းအမှတ် အာဆီယံအရင်းအနှီးဈေးကွက်များအကြား ချိတ်ဆက်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေး နှင့် ကောင်းမွန်စွာ ရပ်တည်နိုင်ရေးတို့ကို တိုးမြှင့်ဆောင်ရွက် | ၁၀-၁၁ |



# အကြိမ် (၄၀) မြောက် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် ဥက္ကဋ္ဌများ အစည်းအဝေးနှင့် နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ စဉ်ဆက်မပြတ်ဖွင့်ဟထုတ်ဖော်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်




အကြိမ် (၄၀) မြောက် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် ဥက္ကဋ္ဌများ အစည်းအဝေးနှင့် နိုင်ငံတကာ ဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ စဉ်ဆက်မပြတ် ဖွင့်ဟထုတ်ဖော်ရေးနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို လာအိုနိုင်ငံ၊ လွမ်ပရာဘမ်မြို့တွင် ၂၀၂၄ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့ မှ ၁၆ ရက်နေ့အထိ ကျင်းပခဲ့ရာ ACMF အလှည့်ကျ ဥက္ကဋ္ဌ လာအိုနိုင်ငံ၊ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်မှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။





# ပြည်တွင်းသတင်း

## ကော်မရှင်အစည်းအဝေးများ



၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် အစည်းအဝေး (၂) ကြိမ် ကျင်းပခဲ့ပါသည်။

## ကော်မရှင်ရုံးဆွေးနွေးပွဲများ

| | |
|---|---|
| ရန်ကုန်စတော့အိပ်ချိန်း (YSX) | အပတ်စဉ် |
| ကော်မရှင်ရုံးစီမံခန့်ခွဲရေးကော်မတီ | လစဉ် |
| ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ | လစဉ် |
| အသိအမှတ်ပြုလက်မှတ်ရသင်တန်းကျောင်းများ | လစဉ် |
| ဌာနတွင်း ဆန္ဒထုတ်ဖော်ပွဲ | လစဉ် |

## ကော်မရှင်ရုံး (၉) နှစ်မြောက် နှစ်ပတ်လည်နေ့အား ကြိုဆိုဂုဏ်ပြုခြင်း

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံး၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ကျရောက်မည့် (၉)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုသောအားဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ သွေးလှူဒါန်းခြင်းနှင့်နေ့လည်စာ အာဟာရ ကျွေးမွေးခြင်းကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။



## ပြည်တွင်းငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ




၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် (၁/၂၀၂၄) ကြိမ်မြောက် ပြည်တွင်း ငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေးကို online ဖြင့် ကျင်းပခဲ့ရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးရုံး ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေတိုက်ဦးစီးဌာန ၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန ၊ မြန်မာ့စီးပွားရေးဘဏ် ၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်ရုံး တို့မှ ကော်မတီအဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များ တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။

# အများပြည်သူသို့ငွေချေးသက်သေခံလက်မှတ်များကမ်းလှမ်းခြင်း

**အများပြည်သူသို့ကမ်းလှမ်းခြင်း (Public Offering – PO)** ဆိုသည်မှာ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုသည် လိုအပ်သော ရန်ပုံငွေကိုရှာဖွေရန် သို့မဟုတ် တိုးမြှင့်ရန် အစုရှယ်ယာများ သို့မဟုတ် ငွေချေးစာချုပ်များ ထုတ်ဝေရောင်းချ၍ အများပြည်သူ ထံမှငွေချေးခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီသည် ငွေချေးသက်သေခံ လက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းမပြုမီ မည်ကဲ့သို့ ကမ်းလှမ်းမည်ဖြစ်ကြောင်း ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင် (Securities and Exchange Commission – SEC)သို့ တင်ပြပြီး အတည်ပြုချက် ရယူရမည် ဖြစ်ပါသည်။ အဆိုပါ တင်ပြချက်အပေါ် ကော်မရှင်သည် ရက်ပေါင်း ၆၀ အတွင်း အဆုံးအဖြတ်ပေးရမည်ဟု ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေ (၂၀/၂၀၁၃)၊ အခန်း(၆)၊ ပုဒ်မ ၃၅(က)တွင် ပြဋ္ဌာန်းထားပါသည်။

## အများပြည်သူသို့ကနဦးကမ်းလှမ်းခြင်း (Initial Public Offering–IPO)

ပုဂ္ဂလိကပိုင် ကုမ္ပဏီတစ်ခုသည် အစုရှယ်ယာအသစ်များအား ပထမဆုံးအကြိမ်အဖြစ် အများပြည်သူ သို့ ကမ်းလှမ်းရောင်းချသည့်အခါ ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်ကို အများပြည်သူသို့ ကနဦးကမ်းလှမ်းခြင်း (IPO) ဟု ခေါ်ပါသည်။




အနှစ်သာရအားဖြင့် IPO သည် ကုမ္ပဏီတစ်ခု ၏ ပိုင်ဆိုင်မှုအား ပုဂ္ဂလိကပိုင်ဆိုင်မှုမှ အများပြည်သူ ပိုင်ဆိုင်မှုသို့ပြောင်းလဲသည့် လုပ်ငန်းစဉ်ဖြစ်သောကြောင့် **“အများနှင့်သက်ဆိုင်သော ကုမ္ပဏီသို့ ကူးပြောင်းခြင်း ( Going Public)”** ဟုလည်း ညွှန်းဆိုလေ့ရှိ ပါသည်။

အသစ်စတင်သော ကုမ္ပဏီများနှင့် လုပ်ငန်း လည်ပတ်နေသော ကုမ္ပဏီများသည် အရင်းအနှီးတိုးမြှင့်၍ ကြွေးမြီများပေးဆပ်ရန်သော်လည်းကောင်း၊ ရန်ပုံငွေ တိုးပွားစေရန် သော်လည်းကောင်း၊ ကုမ္ပဏီ၏ပုံရိပ်ကို မြှင့်တင်ရန်သော်လည်းကောင်း၊ ကုမ္ပဏီ၏ အစုရှယ်ယာကို ကိုင်ဆောင်ထားသူများအနေဖြင့် ၎င်းတို့၏ အစုရှယ်ယာများကို IPO တွင် ရောင်းချကာ ငွေဖြစ်လွယ်မှုကို ဖန်တီးနိုင်စေရန်သော်လည်းကောင်း IPO ပြုလုပ်ခြင်းဖြင့် အများနှင့်သက်ဆိုင်သောကုမ္ပဏီသို့ ကူးပြောင်းရန် ဆုံးဖြတ်လေ့ရှိကြပါသည်။ တစ်ချိန်တည်းမှာပင် အဆိုပါ IPO ၌ အများပြည်သူ ရင်းနှီးမြှုပ်နှံသူများကို ကမ်းလှမ်းမှုတွင်ပါဝင်ရန် ခွင့်ပြုထားသောကြောင့် ဤအကူးအပြောင်းသည် ကုမ္ပဏီ၏ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများအတွက် အရေးကြီးသော အချိန် ဖြစ်ပါသည်။

## အများပြည်သူသို့ ကနဦးကမ်းလှမ်းခြင်း လုပ်ငန်းစဉ် (IPO Process)

ပုဂ္ဂလိကပိုင် ကုမ္ပဏီတစ်ခုသည် အများနှင့်သက်ဆိုင်သောကုမ္ပဏီသို့ ကူးပြောင်းရန် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်မှ ချမှတ်ထားသော အများပြည်သူသို့ အစီရင်ခံခြင်းနှင့် ဖွင့်ဟ ထုတ်ဖော်ခြင်းဆိုင်ရာ တာဝန်ဝတ္တရားများကို ပြည့်မီရမည်ဖြစ်ပါသည်။ ထို့နောက် ငွေချေးသက်သေခံလက်မှတ်များ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်နှင့် အစုရှယ်ယာများကို အများပြည်သူသို့ ကမ်းလှမ်းရာတွင် ဦးစီးဆောင်ရွက်ပေးမည့် ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့် ဖြန့်ချိရောင်းချခြင်းလုပ်ငန်း (Underwriting Business)လိုင်စင်ရ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီအား ရွေးချယ်ရပါမည်။ အဆိုပါ ကုမ္ပဏီသည် ရှယ်ယာများကို အဖွဲ့အစည်း ရင်းနှီးမြှုပ်နှံသူနှင့် တစ်ဦးချင်းရင်းနှီးမြှုပ်နှံသူများသို့ ရောင်းချပေးရန် တာဝန်ရှိသည့် ရင်းနှီးမြှုပ်နှံမှုဘဏ်များနှင့် အစုရှယ်ယာ ထုတ်ဝေရောင်းချသူ(ကုမ္ပဏီ)တို့အား ပေါင်းစပ်ညှိနှိုင်း ပေးမည်ဖြစ်ပါသည်။

စာမျက်နှာ ၄ သို့

မြန်မာနိုင်ငံတွင် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေအရ ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့် ဖြန့်ချိ ရောင်းချခြင်း လုပ်ငန်း ဆောင်ရွက်ခွင့် ရရှိထားသော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ ၆ ခု[၁]နှင့် ရင်းနှီးမြှုပ်နှံမှု အကြံပေး လုပ်ငန်း ကုမ္ပဏီ ၁ ခု[၂] ရှိပါသည်။

## အများပြည်သူသို့ ရှယ်ယာများကမ်းလှမ်းရောင်းချနိုင်သည့် နည်းလမ်းများ

အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအနေဖြင့် အစုရှယ်ယာများ ကမ်းလှမ်း ရောင်းချနိုင်သည့် နည်းလမ်း (၃) မျိုး ရှိပါသည်။ ၎င်းတို့မှာ-

(က) စတော့အိပ်ချိန်းတွင် စာရင်းဝင်ခြင်းမရှိဘဲ အများပြည်သူသို့ ကမ်းလှမ်းခြင်း (IPO without Liisting)၊

(ခ) စတော့အိပ်ချိန်းတွင်စာရင်းဝင်၍ အများပြည်သူသို့ ကမ်းလှမ်းခြင်း(IPO with Listing) နှင့်

(ဂ) စတော့အိပ်ချိန်းတွင် ထုတ်ဝေပြီး ရှယ်ယာများ အလွယ်တကူ ရောင်းဝယ်နိုင်ရန် စာရင်းဝင်ခြင်း (Listing but IPO/PO yet)တို့ ဖြစ်ပါသည်။

စတော့အိပ်ချိန်းတွင် စာရင်းဝင်ခြင်းမရှိဘဲ အများပြည်သူသို့ ကမ်းလှမ်းရောင်းချသည့် IPO without Listing နည်းလမ်းတွင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီသည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေ၊ ပုဒ်မ ၃၅(က) အရ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သို့ အလားအလာညွှန်းတမ်း တင်ပြ၍ အတည်ပြုချက် ရယူပြီးမှသာ အများပြည်သူသို့ ကမ်းလှမ်းရောင်းချနိုင်ပါသည်။ IPO with Listing နည်းလမ်းတွင်လည်း အလားအလာညွှန်းတမ်း တင်ပြ၍ ကော်မရှင်၏ အတည်ပြုချက်ရယူရန်လိုအပ်ပြီးစတော့အိပ်ချိန်းတွင်စာရင်းဝင်သည်နှင့်တစ်ပြိုင်တည်း အစုရှယ်ယာများကို အများပြည်သူသို့ ကမ်းလှမ်း ရောင်းချနိုင်ပါသည်။ Listing but IPO/PO yet နည်းလမ်း၌ ရှယ်ယာများကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းမပါဝင်ဘဲ စာရင်းဝင်လျှောက်ထားရာတွင် စတော့အိပ်ချိန်းသို့ စာရင်းဝင်ခြင်းဆိုင်ရာ ကြေငြာစာတမ်း (Disclosure Document for Listing – DDL) ကိုသာတင်ပြရန်လိုအပ်ပြီး စာရင်းဝင်ကုမ္ပဏီဖြစ်ပြီးနောက် ကုမ္ပဏီ၏ မတည်ငွေရင်းကို တိုးမြှင့်ရန် လိုအပ်ပါက အများပြည်သူသို့ ရှယ်ယာများ ကမ်းလှမ်း ရောင်းချနိုင်မည်ဖြစ်ပါသည်။ ကုမ္ပဏီများသည် အဆိုပါ နည်းလမ်းများကို အသုံးပြု၍ အများပြည်သူသို့ ရှယ်ယာများကို ကမ်းလှမ်း ရောင်းချခြင်းဖြင့် အရင်းအနှီးဈေးကွက်အတွင်းသို့ ထိုးဖောက် ဝင်ရောက်နိုင်မည်ဖြစ်ပါသည်။

## ရန်ကုန်စတော့အိပ်ချိန်း(YSX)တွင်အများပြည်သူသို့ အစုရှယ်ယာများ ကမ်းလှမ်းရောင်းချခြင်း

ရန်ကုန်စတော့အိပ်ချိန်း၌ ပင်မဈေးကွက် (Main Board) နှင့် စာရင်းဝင်အကြိုဈေးကွက် (Pre Listing Board–PLB) ဟူ၍ ရှိပါသည်။ အများနှင့်သက်ဆိုင်သော ကုမ္ပဏီသည် ရန်ကုန်စတော့အိပ်ချိန်းမှ ထုတ်ပြန်ထားသည့် စာရင်းဝင် စံသတ်မှတ်ချက်များ နှင့် ပြည့်စုံပါက ပင်မဈေးကွက်တွင် စာရင်းဝင်၍ အများပြည်သူသို့ အစုရှယ်ယာများ ကမ်းလှမ်း ရောင်းချနိုင်ပါသည်။




စာရင်းဝင်စံသတ်မှတ်ချက်များနှင့် ပြည့်မီရန် လိုအပ်သေးသည့် ကုမ္ပဏီများအနေဖြင့် မိမိတို့၏ အစုရှယ်ယာများကို မှတ်ပုံတင်၍ ရောင်းဝယ်နိုင်သည့် မှတ်ပုံတင်ဈေးကွက် (Registeration Board) ဟုခေါ်သော စာရင်းဝင် အကြိုဈေးကွက် (Pre Listing Board –PLB)တွင် အများပြည်သူသို့ ကမ်းလှမ်းရောင်းချနိုင်ပါသည်။

ရန်ကုန်စတော့အိပ်ချိန်းကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် တည်ထောင်ခဲ့ပြီးနောက် အများနှင့်သက်ဆိုင်သောကုမ္ပဏီ ၈ ခု[၃] သည် ပင်မဈေးကွက်၌ စာရင်းဝင်၍ အစုရှယ်ယာများ ကမ်းလှမ်း ရောင်းချလျက်ရှိပါသည်။

စာမျက်နှာ ၅ သို့

စာရင်းဝင်အကြိုဈေးကွက်(Pre Listing Board – PLB)အား ကော်မရှင်၏၁၀–၂–၂၀၂၂ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၂ အရ ရန်ကုန်စတော့အိပ်ချိန်း၌ တည်ထောင်ပြီးဖြစ်ပါသည်။ PLB ကို အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ(Small and Medium Enterprises – SMEs) အတွက် အရင်းအနှီးရရှိရာ ရင်းမြစ်အသစ်တစ်ခုအဖြစ် ဖော်ဆောင်ပေးခြင်း ဖြစ်ပါသည်။

SME များသည် PLB တွင် မှတ်ပုံတင်ပြီးနောက် ရှယ်ယာများ ကမ်းလှမ်းရောင်းချကာ ရရှိလာသောအရင်းအနှီးများဖြင့် ၎င်းတို့၏ လုပ်ငန်းကို တိုးချဲ့နိုင် မည်ဖြစ်ပါသည်။ လုပ်ငန်းကြီးထွားလာသည့်အခါ ပင်မဈေးကွက်၌ စာရင်းဝင်ကုမ္ပဏီအဖြစ် ဝင်ရောက်နိုင်မည်ဖြစ်ပါသည်။ PLB တွင်မှတ်ပုံတင်၍ ရှယ်ယာများ ကမ်းလှမ်းရောင်းချလိုသည့် ကုမ္ပဏီများအတွက် မှတ်ပုံတင်အကြံပေးလုပ်ငန်းကုမ္ပဏီ ၃ခု[၄] အား ခွင့်ပြုထားပြီး ဖြစ်ပါသည်။

## ကောင်းကျိုးများ

ကုမ္ပဏီသည် စာရင်းဝင်ကုမ္ပဏီတစ်ခုဖြစ်လာပါက အများပြည်သူ အသိအမှတ်ပြုမှုနှင့် ယုံကြည်မှုကို မြှင့်တင်နိုင်မည် ဖြစ်ပါသည်။ စာရင်းဝင်ကုမ္ပဏီဖြစ်ခြင်း ဟုဆိုရာတွင် ယင်းလုပ်ငန်းသည် ရင်းနှီးမြှုပ်နှံသူများသာမက ဈေးကွက်တွင် ပါဝင်ပတ်သက်သူများ၏ အကျိုးစီးပွားအတွက်ပိုမိုတာဝန်ရှိပြီး ကောင်းမွန်သော ကော်ပိုရိတ် စီမံအုပ်ချုပ်မှုအလေ့အကျင့်နှင့် ပွင့်လင်းမြင်သာမှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။ သို့မှသာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နိုင်မည်ဖြစ်ပါသည်။ ၂၀၂၂–၂၀၂၃ဘဏ္ဍာနှစ်၊ မြန်မာနိုင်ငံ၏ ပြည်ထောင်စု အခွန်အကောက်ဥပဒေအရ ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ထားသောကုမ္ပဏီများသည် ပေးဆောင်ရမည့်ဝင်ငွေခွန် ၅% သက်သာခွင့်ကိုလည်း ရရှိမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုမ္ပဏီများ၏ ရှင်သန်ကြီးထွားရေးတို့သည် အပြန်အလှန် အကျိုးပြုလျက်ရှိပါသည်။ ပုဂ္ဂလိကပိုင်စီးပွားရေးလုပ်ငန်း တစ်ခုချင်း၏ ရေရှည် ဖွံ့ဖြိုး တိုးတက်မှုသည် နိုင်ငံအတွင်း အလုပ်အကိုင် အခွင့်အလမ်းများကို များပြားလာစေပြီး အလုပ်လက်မဲ့ မြင့်မားမှုနှုန်းကို ကျဆင်းစေခြင်း၊ တိုင်းပြည်၏တစ်ဦးကျဝင်ငွေ မြင့်မားလာပြီး လူနေမှုအဆင့် မီလာစေခြင်း၊ ပြည်တွင်း၌ပင် စက်မှုလက်မှု လုပ်ငန်းများ၊ နည်းပညာ အတတ်ပညာများကို လက်ဆင့်ကမ်းသင်ကြား သင်ယူနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်ရာ မြန်မာ့ပုဂ္ဂလိကစီးပွားရေးကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် ကုမ္ပဏီများအနေဖြင့် မိမိတို့၏ လုပ်ငန်းအရွယ်အစားအပေါ်မူတည်၍ ရန်ကုန်စတော့အိပ်ချိန်းရှိ ပင်မဈေးကွက်နှင့် စာရင်းဝင်အကြိုဈေးကွက်တို့တွင် အစုရှယ်ယာများကို ကမ်းလှမ်းရောင်းချနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ။

မယ်အိမ်ကောင်း

ကိုးကား

၁။ ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ် ရောင်းဝယ်ရေးဥပဒေ (၂၀/၂၀၁၃)

၂။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်၏ ကြေညာချက်အမှတ် (၂/၂၀၁၆၊ ၇/၂၀၁၆၊ ၂/၂၀၁၈)(၁)၊(၂)

၃။ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၂ ၊ ၁/၂၀၂၃)

၄။ https://www.cooleygo.com/glossary/public-offering/

၅။ https://ysx-mm.com/pre-listing-board/about-plb/

၆။ https://ysx-mm.com/main-board/listing/company/ (၃)

၇။ https://ysx-mm.com/pre-listing-board/registration-adviser/ (၄)

# ကော်မရှင်ရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များ

## လုပ်ငန်းဆောင်ရွက်ချက်များ

- ဆင့်ပွားဈေးကွက်၌ အစိုးရငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်မှုအခြေအနေအား SECM Website တွင် လစဉ်ထုတ်လွှင့်လျှက်ရှိခြင်း၊
- MIoD၏ (၁၂)ကြိမ်မြောက် ဒါရိုက်တာအသိအမှတ်ပြုလက်မှတ်ရ သင်တန်းတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းဆိုင်ရာ ဘာသာရပ်အား ဆွေးနွေးပို့ချခြင်း၊
- ရန်ကုန်စတော့အိပ်ချိန်းနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (၁)ခု၏ လုပ်ငန်းဆောင်ရွက်မှုအား စစ်ဆေးခြင်း၊
- ရန်ကုန်စတော့အိပ်ချိန်းမှဖွင့်လှစ်သည့်စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံသင်တန်း (Online Basic Stock Investment Training Course) (၀၀၁/၂၀၂၄) တွင် သင်တန်းပို့ချခြင်း။

## လုပ်ငန်းဆောင်ရွက်ချက်များအားစစ်ဆေးခြင်း



ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင် အနေဖြင့် ရန်ကုန်စတော့အိပ်ချိန်းနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (၁)ခု၏ လုပ်ငန်းဆောင်ရွက်မှုအား စစ်ဆေးခဲ့ပါသည်။

## ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်အကြိုဈေးကွက်အမည်ဖြင့် တည်ထောင်ထားသည့် ဒုတိယဈေးကွက် နှင့် ပတ်သက်သည့် ဆောင်ရွက်မှုများ

စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်ရန် လျှောက်ထားသည့် ကုမ္ပဏီများ၊အဆိုပါကုမ္ပဏီများအား အကြံဉာဏ်ပေးသော မှတ်ပုံတင် အကြံပေးများနှင့်အစုရှယ်ယာများကို တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချပေးသော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအနေဖြင့် လုပ်ငန်းလည်ပတ်မှုကို ထိရောက်စွာ လုပ်ဆောင်နိုင်ရန်အတွက် လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာလက်စွဲ (Business Operation Manual of Pre – Listing Board) အား ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

ဆက်လက်၍ စာရင်းဝင်အကြိုဈေးကွက်တွင်မှတ်ပုံတင်မည့်ကုမ္ပဏီများအား မှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သည့်အကြံပေးခြင်း၊ မှတ်ပုံတင် လျှောက်ထားရာတွင် ရန်ကုန်စတော့အိပ်ချိန်းမှ သတ်မှတ်ထားသော ထောက်ခံချက်နှင့် ဈေးကွက်တန်ဖိုးအကဲဖြတ်မှုများကို ပြင်ဆင်ပေးခြင်း၊ လိုအပ်ချက်များကို အတည်ပြုပေးခြင်းနှင့် မှတ်ပုံတင်ပြီးနောက် ကော်ပိုရိတ်သတင်းအချက်အလက်များကို ဖွင့်ဟကြေညာရာတွင် အကြံပေးခြင်းများကို ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်စတော့အိပ်ချိန်းမှ ထောက်ခံတင်ပြလာသည့် အောက်ဖော်ပြပါ ကုမ္ပဏီ(၃)ခုအား ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် မှတ်ပုံတင်အကြံပေးများအဖြစ် ခန့်အပ်နိုင်ရန် ခွင့်ပြုပေးခဲ့သည်-

(က) Trust Venture Partners Co., Ltd
(ခ) Maximax Solution Services Co., Ltd
(ဂ) Myanmar Enterprise Solutions Co., Ltd

## AML /CFT Knowledge Sharing ကျင်းပ



၁၉-၃-၂၀၂၄ ရက်နေ့တွင် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်၏ 23rd Dialogue Meeting တွင် သတင်းပို့အဖွဲ့အစည်းများအား AML/CFT's Policy & Procedures in the Securities Industry ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေးခဲ့ပါသည်။

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး


အောက်ဖော်ပြပါ ပြည်တွင်း ပြည်ပ ဆွေးနွေးပွဲ၊ အစည်းအဝေး၊ သင်တန်းများသို့ ဝန်ထမ်းများ တက်ရောက်စေခဲ့သည်–

- Finance for Directors Program (Online) (MIoD)
- 12th Director Certification Program (DCP) (MIoD)
- AMRO Tool Time Tutorial, "Corporate Debt-at-Risk (Online)
- 1st ACMF Deputies Meeting (Online)
- WC-CMD and ACMF &WC-CMD Joint Meeting (Online)


# စျေးကွက်ဆိုင်ရာအချက်အလက်များ

## ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်မှုနှင့် နိုင်ငံခြားသားအစုရှယ်ယာရောင်းဝယ်မှုများ

၂၀၂၄ ခုနှစ် ၊ ဇန်နဝါရီလမှ မတ်လအထိ
ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်မှုအခြေအနေ





၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ မှ မတ်လအထိ
နိုင်ငံခြားသားများရင်းနှီးမြှုပ်နှံမှုအခြေအနေ





## စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာရောင်းဝယ်မှုများ


စာရင်းဝင်ကုမ္ပဏီ(၈)ခု၏ အရောင်းအဝယ်ဖြစ်မြောက်မှုအခြေအနေ
၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ မှ မတ်လအထိ



# အစိုးရငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်မှုများ




# ဈေးကွက်တွင်ပါဝင်သူများနှင့်ပူးပေါင်းဆောင်ရွက်မှု



# အာဆီယံနိုင်ငံများဆိုင်ရာ သတင်းအချက်အလက်များ

## အာဆီယံ+၃ နိုင်ငံများ၏ စီးပွားရေးတွင် ရေရှည်ဖွံ့ဖြိုးရေးငွေချေးစာချုပ်ဈေးကွက် ခိုင်မာအားကောင်းလျက်ရှိ

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ(PRC)၊ ဂျပန်နိုင်ငံနှင့်ကိုရီးယားသမ္မတနိုင်ငံတို့၏ စီးပွားရေးကဏ္ဍတွင် ရေရှည်ဖွံ့ဖြိုးရေး ငွေချေးစာချုပ်ဈေးကွက်သည် ယခင်နှစ်က ၂၉.၃ ရာခိုင်နှုန်း တိုးချဲ့ခဲ့သည့်အတွက် ကမ္ဘာတလွှားနှင့် ဥရောပဒေသတို့၏ ရေရှည်ဖွံ့ဖြိုးရေးငွေချေးစာချုပ်ဈေးကွက်တွင် ၂၁ ရာခိုင်နှုန်း ကြီးထွားလာမှုထက် သာလွန်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ အစီရင်ခံစာ၌ ဖော်ပြပါရှိပါသည်။

အာဆီယံ+၃ နိုင်ငံများ၏ စီးပွားရေးတွင် ငွေပြန်မအမ်းရသေးသည့် ရေရှည်ဖွံ့ဖြိုးရေးငွေချေးစာချုပ်များသည် ၂၀၂၃ ခုနှစ်အကုန်တွင် အမေရိကန်ဒေါ်လာ ၇၉၈.၇ဘီလီယံသို့ ရောက်ရှိခဲ့ပြီး ၎င်းသည် ကမ္ဘာတလွှားရှိ ရေရှည်ဖွံ့ဖြိုးရေးငွေချေးစာချုပ်များ၏ ၂၀ ရာခိုင်နှုန်းခန့်ရှိကြောင်း ၂၁-၃-၂၀၂၃ ရက်နေ့ ထုတ်ဝေသည့် အာရှငွေချေးစာချုပ်စောင့်ကြည့်ရေးစာစောင် (Asia Bond Monitor)တွင် ဖော်ပြထားပါသည်။

ကမ္ဘာတလွှားနှင့်ဥရောပဒေသတွင် အဆိုပါ ငွေချေးစာချုပ်ဈေးကွက်များသည် ၂၀၂၃ ခုနှစ် အကုန်၌ ဒေါ်လာ ၄.၀ ထရီလီယံနှင့် ဒေါ်လာ၁.၅ထရီလီယမ်သို့ အသီးသီး ရောက်ရှိခဲ့ပါသည်။ ယင်းရေရှည်ဖွံ့ဖြိုးရေးငွေချေးစာချုပ်များသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝအကျိုးအမြတ်ရရှိရေးဆိုင်ရာ ပရောဂျက်များနှင့် လုပ်ငန်းအစီအစဉ်များကို ငွေကြေးထောက်ပံ့ရန် အသုံးပြုသောငွေချေးစာချုပ်များ ဖြစ်ပါသည်။

အာဆီယံ ရေရှည်ဖွံ့ဖြိုးရေးငွေချေးစာချုပ် ထုတ်ဝေမှုသည် ပုဂ္ဂလိကကဏ္ဍ ပါဝင်မှုကို တွန်းအားပေးကာ ၂၀၂၃ ခုနှစ်တွင် ပြည်တွင်းငွေကြေးဖြင့် ကာလရှည် ဘဏ္ဍာငွေဖြည့်တင်းခြင်းကို ပိုမို ဆောင်ရွက်နိုင်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းပါဝင်မှုသည် ရေရှည်ဖွံ့ဖြိုးရေးငွေချေးစာချုပ်များကို အထောက်အပံ့ဖြစ်စေရုံသာမက ပုဂ္ဂလိကကဏ္ဍအတွက် ပြည်တွင်းဈေးကွက်တွင် အဆိုပါငွေချေးစာချုပ်များ၏ ကာလရှည်ဈေးနှုန်းကို စံပြုသတ်မှတ်နိုင်ရန် နမူနာဖြစ်စေကြောင်း ADB စီးပွားရေးပညာရှင် အကြီးအကဲ Albert Park က ဆိုပါသည်။

ယခင်နှစ်၌ အာဆီယံဈေးကွက်များသည် ရေရှည်ဖွံ့ဖြိုးရေးငွေချေးစာချုပ် ဒေါ်လာ ၁၉.၁ ဘီလီယံ ထုတ်ဝေခဲ့ရာ အာဆီယံ+၃ ရေရှည်ဖွံ့ဖြိုးရေး ငွေချေးစာချုပ်ဈေးကွက်များတွင် စုစုပေါင်း ထုတ်ဝေမှု၏ ၇.၉ ရာခိုင်နှုန်းရှိကြောင်း ၎င်းနှိုင်းယှဉ်မှုသည် အာဆီယံ+၃နိုင်ငံများ၏ အထွေထွေငွေချေးစာချုပ် ထုတ်ဝေမှုတွင် အာဆီယံ၏ ရှယ်ယာသည် ၂.၅ ရာခိုင်နှုန်း ရှိကြောင်း မှတ်တမ်းအရ သိရှိရပါသည်။

ပျမ်းမျှသက်တမ်း ၁၄ နှစ် ၈ လရှိ ပြည်တွင်းသုံးငွေကြေးဖြင့်ထုတ်ဝေသော ရေရှည်ဖွံ့ဖြိုးရေး ငွေချေးစာချုပ်၏ ၈၀.၆ ရာခိုင်နှုန်းကို ကာလရှည် ဘဏ္ဍာငွေ ဖြည့်တင်းခြင်းအနေဖြင့် ဆောင်ရွက်ခဲ့ရာ ၎င်းသည် ပြည်တွင်းသုံးငွေကြေးဖြင့် ဘဏ္ဍာငွေဖြည့်တင်းခြင်းဆိုင်ရာ မြင့်မားသော ရင်းနှီးမှုတစ်ခုအဖြစ် အာဆီယံ မှတ်တမ်းဝင်ခဲ့သည်။ ငွေကြေးဖောင်းပွမှု အလယ်အလတ်၌ ဆက်လက် တည်ရှိနေစဉ် စီးပွားရေး အများစုသည် ဒေသတွင်းတွင် ကောင်းမွန်သော စီးပွားရေးတိုးတက်မှုကို မြင့်တင်ခဲ့ရာ ထွန်းသစ်စအရှေ့အာရှရှိ ဘဏ္ဍာရေးအခြေအနေများသည် အမေရိကန်ဗဟိုဘဏ်က ၎င်း၏ ငွေကြေးရပ်တည်ချက်ကို ဖြေလျှော့ရန် မျှော်လင့်ထားသောကြောင့် ဒီဇင်ဘာ ၁ ရက်မှ ဖေဖော်ဝါရီ ၂၉ ရက်အတွင်း သိသိသာသာ တိုးတက်ကောင်းမွန်လာခဲ့သည်။ ဒေသတွင်း စီးပွားရေး ၉ ခုအနက် ၆ ခုတွင် ရှယ်ယာဈေးကွက်များ ရရှိခဲ့ပြီး အသားတင် နိုင်ငံခြားရှယ်ယာဝင်ရောက်မှုတွင် စုစုပေါင်း ဒေါ်လာ ၁၇.၄ ဘီလီယံရှိခဲ့ကာ ထွန်းသစ်စ အရှေ့အာရှတွင် စီးပွားရေးအဖွဲ့ဝင်နိုင်ငံများအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟောင်ကောင် နှင့် ကိုရီးယားသမ္မတနိုင်ငံတို့ ပါဝင်ကြောင်း သိရှိရပါ သည်။

ထွန်းသစ်စအရှေ့အာရှ၏ ပြည်တွင်းငွေချေးစာချုပ် ဈေးကွက်သည် ၂.၅ရာခိုင်နှုန်း ကြီးထွားလာပြီး ယမန်နှစ်နောက်ဆုံး သုံးလပတ်တွင် ဒေါ်လာ၂၅.၂ထရီလီယံသို့ ရောက်ရှိခဲ့ ပါသည်။ တရုတ်နိုင်ငံသည် အားနည်းသော စီးပွားရေး အမြင်များအကြား ကော်ပိုရိတ်ချေးငွေကို လျှော့ချချိန်တွင် အစိုးရအများစုသည် ၎င်းတို့၏ ရန်ပုံငွေ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သောကြောင့် ယေဘုယျအားဖြင့် ငွေချေးစာချုပ်ထုတ်ဝေမှုသည် ယခင်သုံးလပတ်တွင် ၄.၈ ရာခိုင်နှုန်းသို့ ကျုံ့သွားခဲ့ပါသည်။

Asia Bond Monitor ၏ နောက်ဆုံးထုတ်စာစောင်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအတွက် ပထမဆုံး ငွေချေးစာချုပ်ဈေးကွက်အကျဉ်းချုပ်နှင့် *Asian Bonds Online* 2023 ငွေချေးစာချုပ်ဈေးကွက်ငွေဖြစ်လွယ်မှုစစ်တမ်း၏ ရလဒ်များကိုလည်း ဖော်ပြထားပါသည်။ ၎င်းစစ်တမ်းသည် ယခင်နှစ်က တိုးလာသည့် ငွေဖြစ်လွယ်မှုအခြေအနေများ၊ ကျဉ်းမြောင်းလာသည့် လေလံနှုန်းထားများ၊ အစိုးရနှင့် ကော်ပိုရိတ်ငွေချေးစာချုပ် နှစ်မျိုးလုံးတွင် ရောင်းဝယ်မှု အရွယ်အစားတိုးလာကြောင်း မှတ်သားထားသည်ဟု သိရှိရပါသည်။

ADB သည် အလွန်အမင်း ဆင်းရဲမွဲတေမှု ပပျောက်ရေး ကြိုးပမ်းမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေစဉ်မှာပင် သာယာဝပြောသော၊ အလုံးစုံပါဝင်သော၊ ခံနိုင်ရည်ရှိသော ရေရှည်တည်တံ့ ခိုင်မြဲမှုကို ရရှိရန် အာရှနှင့် ပစိဖိတ်ဒေသများအား ကတိကဝတ်ပြုကြောင်း ဖော်ပြပါရှိသည်။

မူဝါဒရေးရာအဖွဲ့

Source: https://www.adb.org/news/sustainable-bond-market-posts-strong-growth-asean3-economies

## အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် (ACMF) ၏ နှစ် ၂၀ ပြည့် အထိမ်းအမှတ် အာဆီယံအရင်းအနှီးဈေးကွက်များအကြား ချိတ်ဆက်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေး နှင့် ကောင်းမွန်စွာရပ်တည်နိုင်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်

အာဆီယံအရင်းအနှီးဈေးကွက်ဖွံ့ဖိုရမ် (ASEAN Capital Market Forum – ACMF)သည် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံဖြစ်သော ဘရူနိုင်းဒါရုစလမ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ ထိုင်း နှင့် ဗီယက်နမ် နိုင်ငံတို့မှ အရင်းနှီးဈေးကွက်ဆိုင်ရာ စည်းမျဉ်း စည်းကမ်းကြီးကြပ်သူများ၏ အဆင့်မြင့်အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လက်ရှိ ACMF ၏ ဥက္ကဋ္ဌသည် လာအိုငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကော်မရှင်ရုံး (Lao Securities Commission Office – LSCO) ဖြစ်ပြီး လာမည့် ၂၀၂၅ ခုနှစ်တွင် မလေးရှား ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကော်မရှင် (Securities Commission Malaysia–SCM)က ACMFဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်ဖြစ်ပါသည်။

ACMF ကို ၂၀၀၄ ခုနှစ်တွင် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၏ ပံ့ပိုးကူညီမှုဖြင့် ဒေသတွင်း အရင်းအနှီးဈေးကွက်များ ပေါင်းစပ်နိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်မှုပိုမိုထိရောက်စေရေးနှင့် ငွေဖြစ်လွယ်မှုရှိစေရေး ဟူသည့် အဓိကတာဝန်များ ဆောင်ရွက်ရန် တည်ထောင်ခဲ့ရာ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် နှစ်(၂၀) ပြည့်ခဲ့ပြီဖြစ်ပါသည်။ ယင်းနေ့တွင် အကြိမ်(၄၀)မြောက် ACMF ဥက္ကဋ္ဌများအစည်းအဝေး ကို UNSECO ၏ ကမ္ဘာ့ အမွေအနှစ်စာရင်းဝင်ဖြစ်သော လာအိုနိုင်ငံ၏ သမိုင်းဝင် လွှမ်ပရာဘမ် (Luang Parabang)မြို့၌ LSCO မှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါသည်။

အဆိုပါအစည်းအဝေး၌ အာဆီယံအရင်းအနှီး ဈေးကွက်များ ရေရှည်တည်တံ့ခိုင်မြဲရေး လမ်းပြမြေပုံ (၂၀၂၀–၂၀၂၅)တွင် ပါရှိသည့် ACMF လမ်းပြမြေပုံ အကြံပြုချက်ပါအချက် (၁၅) ချက်ကို ၂၀၂၄ ခုနှစ်အတွင်း ၉၀ ရာခိုင်နှုန်းကျော် တိုးမြှင့် အကောင်အထည်ဖော်နိုင်ရေး မျှော်မှန်းထားကြောင်း သိရှိရပါသည်။ အလားတူ ACMF ၏ Action Plan 2021–2025 အပြီးသတ်ကာလအတွက် အကဲဖြတ်ခြင်း နှင့် နောက်လာမည့် Action Plan 2026–2030 ၏ တိုးတက်ဖြစ်ပေါ်မှုကိုစတင်ရန် မျှော်မှန်းထားပါသည်။ အာဆီယံ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ငွေချေးစာချုပ်၊ လူမှုရေးဆိုင်ရာငွေချေးစာချုပ်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးဆိုင်ရာ ငွေချေးစာချုပ် နှင့် ရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်ရေးဆိုင်ရာ ငွေချေးစာချုပ်များ ထုတ်ဝေခြင်းနှင့် သက်ဆိုင်သော စံသတ်မှတ်ချက်များကို ၂၀၁၇၊ ၂၀၁၈ နှင့် ၂၀၂၂ ခုနှစ် တို့တွင် မိတ်ဆက်ပေးခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့အထိ အမေရိကန် ဒေါ်လာ ၄၇.၄၆ ဘီလီယံ တန်ဖိုးရှိ အာဆီယံအမှတ်တံဆိပ်ဖြင့် ထုတ်ဝေထားသော ငွေချေးစာချုပ်များနှင့် အစ္စလမ်မစ်ငွေချေးစာချုပ်(Sukuk)များကို ထုတ်ဝေရောင်းချပြီး ဖြစ်ကြောင်း သိရှိရပါသည်။

ထို့အပြင် ACMF သည် အာဆီယံနိုင်ငံများ၏ ရေရှည်ခိုင်မာမှုရှိသော ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများနှင့် ဥပဒေများ (ASEAN Taxonomy) ဖွံ့ဖြိုးတိုးတက်မှုအပေါ် နောက်ဆုံးမွမ်းမံထားသည့် အခြေအနေများ (အထူးသဖြင့် ဈေးကွက်၌ ပါဝင်ပတ်သက်သူများနှင့် တွေ့ဆုံညှိနှိုင်း၍ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်အသက်ဝင်ခဲ့သည့် ဗားရှင်း–၂ မှ အပြုသဘော ဆောင်သောရလဒ်များ)နှင့်စပ်လျဉ်း၍ ဆွေးနွေးအကြံပြုချက်များ ထည့်သွင်းရန် ဖိတ်ခေါ်ထားပါသည်။ အာဆီယံဘဏ္ဍာရေးဆိုင်ရာ မူဝါဒများနှင့် ဥပဒေများ ချမှတ်ရေးဘုတ်အဖွဲ့ (ASEAN Taxonomy Board – ATB) သည် မူဝါဒများနှင့်ဥပဒေများ ချမှတ်ရန်နှင့် လုပ်ငန်းကဏ္ဍအလိုက် အဆင့်များခွဲ၍ နည်းပညာပိုင်းဆိုင်ရာ စိစစ်မှုစံနှုန်းများကိုအပြီးသတ်ရန် ဆောင်ရွက်လျက်ရှိပြီး ထိုလုပ်ငန်းစဉ်တွင် ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများနှင့်ဥပဒေများ ဗားရှင်း–၃ ကို ပြုစုခြင်းလည်းပါဝင်ကြောင်းနှင့် ATB ၏ လုပ်ငန်းဆောင်တာများကို ဆက်လက် ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း အတည်ပြုခဲ့ပါသည်။ အစည်းအဝေးအပြီး ACMF သည် ဘရူနိုင်းဒါရူစလမ် ဗဟိုဘဏ်(BDCB)နှင့် မလေးရှား ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကော်မရှင်(SCM)တို့ကို ACMF ကိုယ်စားလှယ်များအဖြစ် ATB ၏ အဖွဲ့ဝင်သက်တမ်း ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ထိအတွက် ပြန်လည် ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

ACMF လမ်းပြမြေပုံနှင့်အညီ တိုးတက်မှုအရှိန်အဟုန်ကို ဆက်လက် ထိန်းသိမ်းနိုင်ရန်အလို့ငှာ အဆိုပါ အစည်းအဝေး၌ ရေရှည်တည်တံ့သော ဘဏ္ဍာရေးဆိုင်ရာ အာဆီယံမူဝါဒများနှင့် ဥပဒေများကို ဖြည့်စွက်သည့် အာဆီယံဘဏ္ဍာရေးဆိုင်ရာ အသွင်ကူးပြောင်းမှုလမ်းညွှန်ချက် (ASEAN Transition Finance Guidance – ATFG) ဗားရှင်း–၁ အပေါ် ဒေသတွင်းနှင့် နိုင်ငံတကာမှ ဈေးကွက်တွင်ပါဝင်ပတ်သက်သူများ၏ အပြုသဘော

**စာမျက်နှာ ၁၁သို့**

ဆောင်သော တုံ့ပြန်မှုများကို ဖိတ်ခေါ်ခဲ့ပါသည်။ ဈေးကွက်၌ ပါဝင်ပတ်သက်သူများအနေဖြင့်လည်းATFGနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်းများအပြင် အနာဂတ်တွင် ပိုမိုတိုးတက် ကောင်းမွန်သော ညှိနှိုင်းဆွေးနွေးမှုများ ဆက်လက် ဆောင်ရွက်နိုင်စေရန် လမ်းဖွင့်ပေးခဲ့ပါသည်။

ACMFသည် ဒေသတွင်း စဉ်ဆက်မပြတ်အစီရင်ခံခြင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှစ်ဖွဲ့ဖြစ်သည့် နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာ စံသတ်မှတ်ချက်များ (International Financial Reporting Standards – IFRS)နှင့် အပြည်ပြည်ဆိုင်ရာ ရေရှည် တည်တံ့သောစံသတ်မှတ်ခြင်းဆိုင်ရာဘုတ်အဖွဲ့ (International Sustainability Standard Board – ISSB)တို့အကြား အဆင့်မြင့် တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပ၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် အစည်းအဝေးတစ်ခု၌ ၂၀၂၄ ခုနှစ်အတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီရင်ခံခြင်းဆိုင်ရာ စွမ်းဆောင်ရည် မြင့်တင်ခြင်းလုပ်ငန်းအစီအစဉ်များကို အတည်ပြုခဲ့ကြပါသည်။

ထို့အတူ ISSBနှင့် ကမ္ဘာလုံးဆိုင်ရာအစီရင်ခံခြင်း ဦးဆောင်မှုအဖွဲ့ (Global Reporting Initiative – GRI)တို့၏ ပူးပေါင်း ကြိုးပမ်းမှုဖြင့် ဈေးကွက်၌ပါဝင်ပတ်သက်သူများသို့ အဓိကထား အစီရင်ခံရသည့် ကုမ္ပဏီများအတွက် ဒေသတွင်း စွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာစေရန် ရည်ရွယ်သော စင်္ကာပူနိုင်ငံအခြေစိုက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာ ဆန်းသစ် တည်ထွင်မှု လုပ်ငန်းခွင် (Sustainability Innovation Lab)ကို စတင် မိတ်ဆက်ခြင်းအား အသိအမှတ် ပြုခဲ့ပါသည်။

ACMF သည် လုပ်ငန်းဆိုင်ရာအကြံပြုချက်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်၊ အာဆီယံစုပေါင်း ရင်းနှီးမြှုပ်နှံမှု အစီအစဉ် (ASEAN Collective Investment Schemes – CIS) မူဘောင်အောက်မှ နယ်စပ်ဖြတ်ကျော် ရန်ပုံငွေကမ်းလှမ်းမှုများကို ပိုမိုအားကောင်းလာစေရန်၊ အာဆီယံ CIS ၏ နယ်စပ်ဖြတ်ကျော် ကမ်းလှမ်းမှုများအတွက် လိုအပ်သော ဖွင့်ဟထုတ်ဖော်မှုဆိုင်ရာ အလားအလာညွှန်းတမ်းများအပေါ် လမ်းညွှန်မှတ်စုများ အသစ်တစ်ဖန်ပြုစုရန် ကြိုးပမ်းခြင်းကို ထောက်ခံအတည်ပြုခြင်းနှင့် လာမည့် ACMF Action Plan 2026–2030 ကို ပိုမိုကောင်းမွန်စေရန် တို့အတွက် လက်ရှိ ASEAN CIS မူဘောင်များအပေါ် အသေးစိတ် အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ACMF သည် အာဆီယံ CIS မူဘောင်၏ ဆွဲဆောင်မှုကို မြင့်တင်နိုင်ရန်အတွက် အများပြည်သူသို့ နယ်စပ်ဖြတ်ကျော် ကမ်းလှမ်းရောင်းချခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို ပြန်လည် ပြင်ဆင်ခြင်းအပေါ် အသိအမှတ်ပြုခဲ့ပြီး ယင်းသို့ ပြန်လည် ပြင်ဆင်ခြင်းသည် အဆိုပါ မူဘောင်အောက်ရှိ အရည်အချင်းပြည့်မီသည့် CIS အတွက် ခွင့်ပြုထားသော လုပ်ငန်းတစ်မျိုးဖြစ်သည့် စင်္ကာပူနိုင်ငံရှိ မတည်ရင်းနှီးငွေ ပြောင်းလဲနိုင်သော ကုမ္ပဏီများ (Singapore Variable Capital Companies – VCC ) ကို ခွင့်ပြုနိုင်မည် ဖြစ်ကြောင်း သိရှိရပါသည်။

ACMF သည် ပြင်ပအဖွဲ့အစည်းများ၊ နည်းပညာကျွမ်းကျင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အဖွဲ့ဝင်နိုင်ငံများရှိ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်တင်ခြင်းအစီအစဉ် နှင့် မတူညီသော အဖွဲ့အစည်းတွင် အလှည့်ကျ တာဝန်ထမ်းဆောင်စေခြင်း(Secondment) တို့ပါဝင်သော ACMF ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်မှတဆင့် ပူးပေါင်းဆောင်ရွက်ခြင်းကိုပိုမိုမြင့်တင်ရန်နှင့် စွမ်းဆောင်ရည်မြင့်တင်ရေး အစပျိုးမှုများကို ဆက်လက်ဆောင်ရွက်သွားရန် မှတ်ချက်ပြုခဲ့ပါသည်။ အလားတူပင် ACMF သည် ပြန်လည်ပြင်ဆင်ထားသော အာဆီယံ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အကဲဖြတ်မှတ်တမ်း (ASEAN Corporate Governance Scorecard) ကို ၂၀၂၄ ခုနှစ်အတွင်း အပြီးသတ်အကဲဖြတ်၍ ရလဒ်များကို ၂၀၂၅ ခုနှစ်တွင် ထုတ်ပြန် ကြေငြာနိုင်ရန် မျှော်မှန်းထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အဖွဲ့ဝင်နိုင်ငံများသည် ဒစ်ဂျစ်တယ်ပိုင်ဆိုင်မှု (Digital Assets) နှင့်ပတ်သက်၍ ကွန်ရက်ချိတ်ဆက်ခြင်းနှင့် အတွေ့အကြုံဖလှယ်ခြင်းတို့ကို ဆက်လက်ဆွေးနွေးခဲ့ကြပါသည်။ စင်္ကာပူ ငွေကြေးအာဏာပိုင်အဖွဲ့(MAS)က စင်္ကာပူနိုင်ငံရှိ ဒစ်ဂျစ်တယ်ငွေပေးချေခြင်းဝန်ဆောင်မှုလုပ်ငန်းများအတွက် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို တိုးမြှင့်ထားကြောင်း နှင့် မလေးရှား ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကော်မရှင်(SCM)က မလေးရှားရှိ ဒစ်ဂျစ်တယ်ပိုင်ဆိုင်မှုရောင်းဝယ်သည့်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအပေါ် မွမ်းမံထားမှုများကို ဆွေးနွေးခဲ့ပါသည်။

ACMF သည် နှစ် ၂၀ တိုင် အာဆီယံဒေသတစ်ဝှမ်း အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးလာစေရေးအတွက် အကျိုးရှိသော နည်းပညာအကူအညီများ နှင့် ကျွမ်းကျင်သူများ၏ လမ်းညွှန်မှုများဖြင့် ပံ့ပိုးကူညီလျက်ရှိသည့် အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank – ADB)အား ကျေးဇူးတင်ရှိကြောင်းဖော်ပြခဲ့ပါသည်။ ACMF ၏ လုပ်ငန်းဆောင်တာများအတွက် ADB မှ ဆက်လက်၍ တိုးမြှင့်ပံ့ပိုးပေးရန် ကတိပြုမှုကို အလေးအနက်ကျေးဇူးတင်ရှိပါကြောင်း အစည်း အဝေး၌ မှတ်တမ်းတင်ခဲ့ပါသည်။

ACMF သည် ၎င်း၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုခရီးစဉ်တွင် သိသာ ထင်ရှားသော တိုးတက်မှုများကို ဆက်လက် ဆောင်ရွက်နိုင်ရန် အာရှဒေသ ဘဏ္ဍာရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး အင်စတီကျု (Sustainable Finance Institute Asia – SFIA) ၏ ထောက်ပံ့ကူညီမှု၊ ကျွမ်းကျင်မှုများ ၊ ရင်းမြစ်များ နှင့် ကွန်ယက်ဖြန့် ပံ့ပိုးပေးခဲ့မှုတို့အတွက်လည်း ကျေးဇူးတင်ရှိကြောင်း ဖော်ပြပါရှိပါသည်။

မူဝါဒရေးရာအဖွဲ့

ကိုးကား

MEDIA RELEASE
15 March 2024

The ACMF at 20: Enhancing Connectivity, Sustainability and Resilience across the ASEAN Capital Markets. www.theacmf.org.